**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

**ရုံးအမှတ် ( ၃၄ )၊ နေပြည်တော်**

ဖုန်း-၀၆၇ -၃၄၁၀၁၅၄ ၊ ဖက်(စ်) - ၀၆၇- ၃၄၁၀၁၅၃ ၊ အီးမေးလ် - frdho34 @gmail.com


စာအမှတ်၊ ငကစ/ မူဝါဒ/ (၂၅၄ /၂၀၂၀)

ရက် စွဲ ၊၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်

အကြောင်းအရာ။ **အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု၊ ယင်းတို့နှင့် ဆက်နွယ်သူများ၏ ငွေကြေးများနှင့် ရန်ပုံငွေများအား ထိန်းချုပ်တားမြစ်ခြင်း**

ရည် ညွှန်း ချက်။ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ ၂၀-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၄၃၂၃(၁၁၆၀)/၁၄-၀၃/ဦး ၄

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၂၂၇၀/၂၀၁၆ နှင့် ဆက်စပ်ဆုံးဖြတ်ချက်များအရ လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများ ပိုင်ဆိုင်သော၊ ထိန်းချုပ်ထားသော သို့မဟုတ် ဆက်နွယ်နေသော ငွေကြေးနှင့်ပစ္စည်းများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ သိမ်းဆည်းရန်၊ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အင်တာနက်စာမျက်နှာ https://www.un.org/securitycouncil/content/resolutions နှင့်ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့၏အင်တာနက်စာမျက်နှာ https://www.mfiu.gov.mm တွင်အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက် ဝင်ရောက်ကြည့်ရှုရန်နှင့် မိမိတို့လက်ဝယ်တွင် ရှိ/မရှိ စိစစ်ခြင်း၊ တွေ့ရှိချက်များအား သတင်းပို့ခြင်း၊ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ထိန်းချုပ်သိမ်းဆည်းခြင်းနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များဖြစ်သော ဆုံးဖြတ်ချက်အမှတ်များအား ထပ်ဆင့်လွှင့်တင်ခြင်း၊ ကိုယ်ပိုင်အင်တာနက် စာမျက်နှာရှိသော သတင်းပို့အဖွဲ့အစည်းများမှ လွှင့်တင်ခြင်း ပြုလုပ်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ ကြီးကြပ်စစ်ဆေးနေသော သတင်းပို့အဖွဲ့အစည်းများဖြစ်သည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီများအနေဖြင့် အဆိုပါ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသည့်

လူပုဂ္ဂိုလ်များအားလုံး၊ ဌာနအဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများအားလုံးနှင့်ပတ်သက်၍ ပိုင်ဆိုင်သော၊ ထိန်းချုပ်ထားသော သို့မဟုတ် ဆက်နွှယ်နေသော ငွေကြေးနှင့် ပစ္စည်းများအား နှောင့်နှေး ကြန့်ကြာမှု မရှိစေဘဲ သိမ်းဆည်းရန်၊ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့၏ အင်တာနက်စာမျက်နှာများတွင် ဝင်ရောက်ကြည့်ရှုရန်နှင့် မိမိတို့ အဖွဲ့အစည်းတွင်ပါဝင်ပတ်သက်မှု ရှိ/မရှိ ထိန်းချုပ်သိမ်းဆည်းခြင်းနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြနိုင်ရေး လိုက်နာ ဆောင်ရွက်ရန် အကြောင်းကြားပါသည်။

ပူးတွဲပါ　　အကြောင်းကြားစာ　　(၁) စုံ

(ဇော်နိုင်)

ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ

အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ

အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်းများအားလုံး

ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုံး

မိတ္တူကို

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ

ရုံးလက်ခံ

မျှောစာ